# ပြည်ပယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူများ

## ဂျပန်နိုင်ငံတွင်ယာဉ်မောင်းခြင်းနည်းလမ်း

■ ဂျပန်နိုင်ငံတွင်ယာဉ်မောင်းရန်အတွက်အောက်ပါလိုင်စင်များမှတစ်ခုကိုကိုင်ဆောင်ထားရန်လိုအပ်ပါသည်။

1) ဂျပန်နိုင်ငံ၏လိုင်စင်

2) ယာဉ်မောင်းနှင်ခြင်းနှင့်ပက်သက်သောစာချုပ် (1949ခုနှစ်ဂျနီဗာစာချုပ်) အားအခြေခံသောအပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်

※ ဂျနီဗာစာချုပ်၏စာချုပ်ချုပ်ဆိုသောနိုင်ငံများမှထုတ်ပေးသည့်လိုင်စင်မဟုတ်သော အခြေအနေများ၊ ဂျနီဗာစာချုပ်ချုပ်ဆိုသောနိုင်ငံဖြစ်သော်လည်းဂျနီဗာစာချုပ်ပုံစံ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်အားထုတ်ပေးခြင်းမရှိသောအခါတွင် ၎င်းနိုင်ငံ၏အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းလိုင်စင်ဖြင့် ယာဉ်မောင်းနှင်ခွင့်မရှိပါ။

3) နိုင်ငံခြားယာဉ်မောင်းလိုင်စင်

နိုင်ငံခြားစသည်※1၏ယာဉ်မောင်းလိုင်စင်(cabinetအမိန့်ဖြင့်သတ်မှတ်ထားသောပုဂ္ဂိုလ် ※2မှပြင်ဆင်ထားသောဂျပန်ဘာသာဖြင့်ပြန်ဆိုထားသောဘာသာပြန်ဆိုချက်အားပူးတွဲထားခြင်းအားကန့်သတ်ထားရှိသည်)

※1 အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်အားထုတ်မပေးသည့်နိုင်ငံသို့မဟုတ်ဒေသတွင်း ဂျပန်နိုင်ငံနှင့်တူညီသောစံအဆင့်သတ်မှတ်ချက်ရှိသည်ဟုတ်အသိအမှတ်ပြုခံရသောယာဉ်မောင်းလက်မှတ်စနစ်ရှိသည့်နိုင်ငံသို့မဟုတ်ဒေသ(အက်စတိုနီးယားပြည်သူ့သမ္မတနိုင်ငံ၊ဆွစ်ဇာလန်နိုင်ငံ၊ဂျာမနီနိုင်ငံ၊ရုရှားပြည်သူ့သမ္မတနိုင်ငံ၊ပြင်သစ်သမ္မတနိုင်ငံ၊ဘယ်ဂျီယံဘုရင့်နိုင်ငံ၊မိုနာကိုနိုင်ငံနှင့်ထိုင်ဝမ် (2020ခုနှစ်3လပိုင်း1ရက်နေ့ လက်ရှိ။ နောက်ဆုံးရအခြေအနေများကို တိုးဒိုးဖုကန်ယာဉ်မောင်းလိုင်စင်ဌာနသို့ဆက်သွယ်ပါ)၏လိုင်စင်များကို ကန့်သတ်ထားပါသည်။

※2 ဂျပန်ဘာသာပြန်ပြုလုပ်ထားသောသူများအနေဖြင့်cabinetခွင့်ပြုမိန့်ဖြင့်သတ်မှတ်ထားသူများသည် အောက်ပါအတိုင်းဖြစ်သည်။ နိုင်ငံခြားမှတရားဝင်ဘာသာပြန်များမပါဝင်ပါ။

1) ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်ခွင့်ပြုထားသော ပြည်ပနိုင်ငံများ၏ကောင်စစ်ဝန်ရုံးသို့မဟုတ်၎င်းပြည်ပနိုင်ငံ၏အုပ်ချုပ်ရေးအေဂျင်စီများ (ပြည်ပနိုင်ငံများ၏ယာဉ်မောင်းလိုင်စင်ထုတ်ပေးသည့် အဖွဲ့အစည်းများသို့မဟုတ် ၎င်းနိုင်ငံရှိဂျပန်သံရုံးများ၊ကောင်စစ်ဝန်ရုံးများ)

2) လမ်းပန်းဆက်သွယ်ရေးဆိုင်ရာဥပဒေ (ယာဉ်မောင်းလိုင်စင်နှင့်ပတ်သက်သောအပိုင်းအားကန့်သတ်သည်)နှင့်သက်ဆိုင်သည့် ဥပဒေများနှင့်စည်းမျဉ်းများကိုတရားစီရင်ပိုင်ခွင့်ရှိသော နိုင်ငံခြားစီမံခန့်ခွဲမှုအေဂျင်စီသည် အမျိုးသားပြည်သူ့လုံခြုံရေးကော်မရှင်အတွက် နိုင်ငံခြားသားယာဉ်မောင်းလိုင်စင်ကို အများပြည်သူလုံခြုံမှုကော်မရှင်သို့ ဂျပန်ဘာသာပြန်၍ပြင်ဆင်နိုင်ခွင့်ရှိသည်ဟု အကြောင်းကြားထားသောပြည်ပနိုင်ငံများ၏တရားစီရင်ရေးပုဂ္ဂိုလ်၊ အခြားသောပုဂ္ဂိုလ်တို့ဖြစ်ပြီး၊ အမျိုးသားပြည်သူ့လုံခြုံရေးကော်မရှင်မှ ၎င်းအရည်အချင်းပြည့်မီကြောင်းအသိပေးခံရပြီးသည့်ပုဂ္ဂိုလ် (လက်ရှိ ထိုင်ဝမ်၏ယာဉ်မောင်းလိုင်စင်နှင့် ပက်သက်သောထိုင်ဝမ်-ဂျပန်အသင်း၊ ဂျာမနီနိုင်ငံ၏ယာဉ်မောင်းလိုင်စင်နှင့်ပက်သက်သော ဂျာမနီမော်တော်ယာဉ်အဖွဲ့ချုပ်

တို့အားအသိအမှတ်ပြုထားပါသည်။)

3) မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်ပက်သက်သည့်ပြည်ပနိုင်ငံများ၏စီမံခန့်ခွဲမှုအေဂျင်စီများ၏ ယာဉ်မောင်းလိုင်စင်ဂျပန်ဘာသာပြန်ဆိုချက်ကို သေချာစွာပြင်ဆင်နိုင်လျှင်အသိမှတ်ပြုသည့် တရားစီရင်ရေးပုဂ္ဂိုလ်များအနေဖြင့်သတ်မှတ်ထားသည့်အရာ (လက်ရှိ JAF(JAPAN AUTOMOBILE FEDERATION)မှသတ်မှတ်သည်)

■ ဂျပန်နိုင်ငံအတွင်းမောင်းနှင်နိုင်သောကာလ

1) ဂျပန်ယာဉ်မောင်းလိုင်စင် : ဂျပန်ယာဉ်မောင်းလိုင်စင်တွင်ဖော်ပြထားသော တရားဝင်ကာလအတွင်း

2) အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်နှင့်ပြည်ပနိုင်ငံယာဉ်မောင်းလိုင်စင် : ဂျပန်နိုင်ငံသို့အခြေချသည့်နေ့မှ 1နှစ်အတွင်းသို့မဟုတ်၎င်းယာဉ်မောင်းလိုင်စင်တရားဝင်ကာလ၏ အချိန်တိုအတွင်း (အကယ်၍အခြေခံနေထိုင်ခွင့်မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့်သူများသည်နိုင်ငံမှထွက်ခွာခြင်းအတည်ပြုချက်သို့မဟုတ်တဖန်နိုင်ငံသို့ဝင်ရောက်ခွင့်ပြုခြင်းစသည်ကိုရယူကာ ဂျပန်မှထွက်ခွာခြင်း၊ 3လမပြည့်ခင်အတွင်းနိုင်ငံသို့ပြန်လည်ဝင်ရာက်သည့်အချိန်တွင် ၎င်းနိုင်ငံပြန်လာသည့်ရက် (ပြည်ဝင်ခြင်း) သည်အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်နိုင်သောကာလ၏ ရက်သတ်မှတ်ခြင်းမဖြစ်ပါ)

※ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်ဖြင့် ယာဉ်မောင်းနှင်နိုင်သောကာလနှင့်ပက်သက်၍ပူးတွဲပါပုံကိုကြည့်ပါ။

## ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်ပြုလုပ်ခြင်းနည်းလမ်း

■ပြည်ပနိုင်ငံများ၏ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူများသည်

① လမ်းစည်းကမ်းအပြင် အခြားသောမော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်ပက်သက်သောဗဟုသုတ

② မော်တော်ယာဉ်မောင်းနှင်ခြင်းအသက်မွေးဝမ်းကြောင်း

③ မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်ပက်သက်သည့်နည်းပညာ

ကို တိုးဒိုးဖုကန်ကော်မတီတွင် အတည်ပြုသောအချိန်တွင်ဂျပန်နိုင်ငံ၏ဘာသာစကားစာမေးပွဲနှင့် နည်းပညာစာမေးပွဲကင်းလွတ်ခွင့်ရပြီး ၎င်းပြည်ပနိုင်ငံမှ လိုင်စင်ဖြင့်ယာဉ်မောင်းနှင်ခွင့်နှင့်ပက်သက်သောမော်တော်ယာဉ်မောင်းနှင်မှုဆိုင်ရာဂျပန်နိုင်ငံ၏လိုင်စင်ကိုရရှိမည်ဖြစ်သည်။

တဖန်ဂျပန်နိုင်ငံနှင့်စံသတ်မှတ်ချက်တူညီသည်ဟုသတ်မှတ်ခံရသောယာဉ်မောင်းလိုင်စင်စနစ်ရှိသောပြည်ပနိုင်ငံ※၏ လိုင်စင်ရှိသောသူများသည် ဗဟုသုတနှင့်နည်းပညာစစ်ဆေးခြင်းကိုလည်းကင်းလွတ်ခွင့်ရရှိသည်။

※ အိုက်စလန်နိုင်ငံ၊အိုင်ယာလံနိုင်ငံ၊အမေရိကန်ပြည်ထောင်စု(ဗာဂျီးနီးယားပြည်နယ်၊ဟာဝိုင်ယီပြည်နယ်၊မေရီလန်းပြည်နယ်နှင့်ဝါရှင်တန်ပြည်နယ်တွင်ကန့်သတ်သည်)၊အင်္ဂလန်နိုင်ငံ၊အီတလီနိုင်ငံ၊ဩစတြေးလျနိုင်ငံ၊ဩစတြီးယားနိုင်ငံ၊နယ်သာလန်နိုင်ငံ၊ကနေဒါနိုင်ငံ၊ကိုရီးယားနိုင်ငံ၊ဆွစ်ဇလန်နိုင်ငံ၊ဆွီဒင်နိုင်ငံ၊စပိန်နိုင်ငံ၊ဆလိုဗေးနီးနိုင်ငံ၊ချက်သမ္မတနိုင်ငံ၊ဒိန်းမတ်နိုင်ငံ၊ဂျာမနီနိုင်ငံ၊နယူးဇီလန်နိုင်ငံ၊နော်ဝေးနိုင်ငံ၊ဟန်ဂေရီနိုင်ငံ၊ဖိုလန်နိုင်ငံ၊ပြင်သစ်နိုင်ငံ၊ဘယ်လ်ဂျီယံနိုင်ငံ၊ပေါ်

တူဂီနိုင်ငံ၊မိုနာကိုနိုင်ငံ၊လူဇင်ဘတ်နိုင်ငံ၊ထိုင်ဝမ်29နိုင်ငံ၊ဒေသ(2020ခုနှစ်3လပိုင်း1ရက်လက်ရှိ။ နောက်ဆုံးရ အခြေအနေများကို တိုးဒိုးဖုကန်ယာဉ်မောင်းလိုင်စင်ဌာနသို့ဆက်သွယ်ပါ)

■လျှောက်လွှာတင်ရန်နေရာ

ဂျပန်နိုင်ငံတွင်းရှိ နေထိုင်ရာတိုးဒိုးဖုကန်ရဲစခန်းယာဉ်မောင်းလိုင်စင်ဌာနစသည်

■ သတိထားရမည့်အချက်များ

1) ပြည်ပနိုင်ငံများ၏ယာဉ်မောင်းလိုင်စင်များကိုရယူပြီးနောက်တွင် ၎င်းနိုင်ငံတွင်စုစုပေါင်း3လအထက်နေထိုင်ခဲ့သည်အခြေအနေဖြစ်ပါမည်။(နေထိုင်ခွင့်သက်တမ်းကိုသက်သေပြသည့်စာရွက်စာတမ်းများမှာလူဝင်မှုကြီးကြပ်ရေးတံဆိပ်ပါသောနိုင်ငံကူးလတ်မှတ်လိုအပ်ပါသည်)

2) ကိုယ်စားလျှောက်လွှာတင်ခြင်းလက်မခံပါ။ သက်ဆိုင်ရာလူပုဂ္ဂိုလ်ကိုယ်တိုင်လျှောက်လွှာတင်သွင်းပါ။

■ ယာဉ်မောင်းလိုင်စင်လျှောက်ထားရာတွင်လိုအပ်သည့်စာရွက်စာတမ်းများ

1) လျှောက်လွှာစာရွက်

※ လျှောက်လွှာစာရွက်နှင့်အတူကျန်းမာရေးအခြေအနေနှင့်ပက်သက်သည့် "မေးခွန်းလွှာ" (အင်္ဂလိပ်ဘာသာစကား၊တရုတ်ဘာသာစကားစသည့်နိုင်ငံခြားဘာသာစကား11မျိုးပါဝင်သည်) ကိုပူးတွဲတင်ပြရန်လိုအပ်ပါသည်။ မေးစရာမေးခွန်းရှိပါကဝန်ထမ်းများမှရောဂါအခြေအနေနှင့်ပက်သက်၍ အသေးစိတ် တိတိကျကျ မေးမြန်းပါမည်။

2) လျှောက်လွှာတင်ရာတွင်အသုံးပြုမည့်ဓာတ်ပုံ 1ပုံ

※ လျှောက်လွှာမတင်မီ6လအတွင်းရိုက်ကူးထားသောဦးထုတ်မဆောင်းထားသောပုံ (ဘာသာရေး၊ဆေးကုသခြင်းအကြောင်းပြချက်ရှိသောလူများအနေဖြင့်မျက်နှာပုံစံကိုသိရှိနိုင်မည့်အပိုင်းဖြင့်ဦးခေါင်းပိုင်းကိုပုဝါစဖြင့်ဖုံးအုပ်ထားခြင်းအားအသိအမှတ်ပြုပါသည်)မျက်နှာပြင်၊ နောက်ခံမပါဘဲရင်ဘတ်နားမှစတင်ကာအပေါ်ပိုင်းကိုရိုက်ကူးထားသောပုံ။ အရွယ်အစား3.0×2.4 စင်တီမီတာဖြစ်သည်။ ကျောဘက်တွင်အမည်နှင့်ဓာတ်ပုံရိုက်ကူးခဲ့သောနေ့စွဲကိုဖြည့်သွင်းထားသည့်ပုံ။

3) အမြဲတမ်းနေရပ်လိပ်စာဖော်ပြချက်၏အိမ်ထောင်စုဇယားမိတ္တူ (အခြေခံနေထိုင်မှုမှတ်ပုံတင်ဥပဒေမသက်ရောက်သူများသည်နိုင်ငံကူးလက်မှတ်စသည်)

4) ကျန်းမာရေးအာမခံကဒ်၊My Number ကဒ်၊နေထိုင်ခွင့်ကတ်စသည်(တင်ပြရန်)

5) ပြည်ပနိုင်ငံများ၏ယာဉ်မောင်းလိုင်စင် (အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်တစ်ခုတည်းဖြစ်ပါက ခွင့်မပြုပါ)

6) အထက်ပါယာဉ်မောင်းလိုင်စင်များ၏ဂျပန်ဘာသာပြန် (cabinet အမိန့်သတ်မှတ်ထားသောသူ ( P1※2)မှပြုလုပ်ထားသောဘာသာပြန်ဆိုချက်ဖြစ်ပြီး ၎င်းလိုင်စင်ဖြင့်မောင်းနှင်နိုင်သော မော်တော်ယာဉ်အမျိုးအစား၊ ၎င်းလိုင်စင်၏တရားဝင်သတ်မှတ်ကာလ၊ ၎င်းလိုင်စင်၏အကြောင်းအရာများကိုရှင်းလင်းစွာတင်ပြထားသည့်အရာများ)

7) ၎င်းလိုင်စင်ကိုထုတ်ယူပြီးနောက် ၎င်းပြည်ပနိုင်ငံမှ3လအထက်နေထိုင်ခဲ့ကြောင်းကို အတည်ပြုစစ်ဆေးသည့်လူဝင်မှုကြီးကြပ်ရေးမှတံဆိပ်ခေါင်းပါရှိသောနိုင်ငံကူးလက်မှတ်စာရွက်စာတမ်းများ

8) ကော်မရှင်ခ

■ အခြား

ဖျားနာခြင်းနှင့်မသန်စွမ်းမှုများနှင့်ပတ်သက်၍တိုင်ပင်ဆွေးနွေးခြင်းသည် သက်ဆိုင်ရာတွင် လုံခြုံသောယာဉ်မောင်းခြင်းဆိုင်ရာဆွေးနွေးခြင်းကောင်တာတွင်လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

လျှောက်လွှာလက်ခံဌာနနှင့်ညှိသည်လက်ခံတွေ့ဆုံချိန်၊ လျှောက်လွှာတင်သွင်းရာတွင်လိုအပ်သော စာရွက်စာတမ်းများ၊ ကော်မရှင်ခများစသည့်အသေးစိတ်အချက်အလက်များသည် လျှောက်လွှာတင် သွင်းသည့် တိုးဒိုးဖုကန်ယာဉ်မောင်းလိုင်စင်ဌာနတွင် ဆက်သွယ်မေးမြန်းပါ။

# အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်ဖြင့်မောင်းနှင်နိုင်သောကာလ

## 1 ဂျပန်နိုင်ငံသို့ရောက်ရှိပြီးနောက်အခြေခံနေထိုင်ခွင့်မှတ်ပုံတင်ရာတွင်မှတ်တမ်းမတင်ရသေးသည့်အခါ

### (1) အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်ရရှိပြီးနောက် ပထမဆုံးအကြိမ်နိုင်ငံဝင်ရောက်သည့်အခါ




### (2) ပထမဆုံးအကြိမ်ပြည်ဝင်ပြီးနောက် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းလိုင်စင်ကိုရရှိသည့်အချိန်




## 2 နောက်အခြေခံနေထိုင်ခွင့်မှတ်ပုံတင်ရာတွင်မှတ်တမ်းတင်ထားသူများ ပြည်ပသို့သွားပြီးပြန်လည်ပြည်ဝင်လာသည့်အချိန်

### (1) ပြည်ပနိုင်ငံတွင်3လအထက်နေထိုင်ပြီး ပြန်လည်ပြည်ဝင်လာသောအခါ



## (2) ပြည်ပနေထိုင်းမှု3လမပြည့်မီပြည်လည်ပြည်ဝင်သည့်အခါ (နိုင်ငံခြားသားများတွင်ဖြစ်သော များစွာသောပြဿနာများ)




## (3) ပြည်ပနေထိုင်းမှု3လမပြည့်မီပြည်လည်ပြည်ဝင်သည့်အခါ (နိုင်ငံခြားသားများတွင်ဖြစ်သော များစွာသောပြဿနာများ)

